www.thitsarparamisociety.com



တာ ဘယ် မြင်မလဲဟဲ့ ကြားလား။ ကြာတော့ ပါးဖန်များတော့ ပေါက်သွားတာ မဂ်ပေါက် ဖိုလ်ဝင်လို့ မပြောဘူးလား။ အေး ပေး အဲလို သိရမှာ။ အဲလို ပေါက်သွားတဲ့ အခါကျတော့ လူကား တွေ့သေးရဲ့လား။ တွေ့ပြီ။ အစစ်အမှန် သိတော့ ဒါ အမှန်သိတော့ အမှား ပျောက်တယ် လို့ပြောတာဗျား။

<u>သေနည်း သင်။</u>

ဒီလိုဆိုတော့ကား အဲဒီအတိုင်းလေးသာ နှလုံးသွင်း မှန်သွားမယ် ဆိုရင် ဝိညာဏ်ချုပ်ကာနီးမှာ ကြည့် ရှူးရှဲ ရှူးရှဲနဲ့ ပန်းနေပြီ။ မနက်စာကတမျိုး၊ နေ့လည်တမျိုးမျိုး၊ ညနေတမျိုး၊ ညကျတော့ ပို ဆိုးပြီ။ အင်း ဒီဝေဒနာ။ဒီဝေဒနာဟာ နောက်မဆုတ်ဘူး။ ဒီဝေဒနာနဲ့ ခန္ဓာ ဇာတ်သိမ်းတော့ မယ်။ အဲဒါ သတိပြုပြီးတော့မှ မျက်ခြေမပြတ် ခန္ဓာကပ်ပြီးတော့မှ သတိပြုဖို့မကောင်းလား။ မောတာရှူးရှဲ ရှူးရှဲ နဲ့ ပော ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟာ အင်မတန် ဆင်းရဲပုံလား။ ဆင်းရဲတဲ့ တရားတွေကိုးလို့ သိသိ၊ သိနေတော့ လိုချင်သေးရဲ့လား။ ကဲလိုချင်တဲ့တဏှာ၊ ခန္ဓာရချင်တဲ့ တဏှာ ရှိသေးရဲ့လား။ တဏှာ မှ မရှိ၊ ဥပါဒါန် ဘယ်က လာမလဲ။ လာပုံမလား။ အဲဒီလို စိစစ်ဖို့ မကောင်းလား။ ဒါ ခန္ဓာက ပြနေတာ။ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရားလား။ မြစ်ရေများ စီးသလို မတန့်အောင်။ ပော တဖြစ်ထဲ ဖြစ်။ တပျက်ထဲ ပျက်နေတာ။ မထင်ရှားဘူးလား။

<u>ကိုယ်သာနာ၍ စိတ်မနာစေနဲ့</u>

အဲဒီ စိတ်ကလေးနဲ့ မိမိက ကြည့်တော့ ကိုယ်သာ နာ၍ စိတ် မနာစေနဲ့။ မြတ်စွာဘုရားက ဖခမည်းတော်၊ မယ်တော် ကိုပေးခဲ့တဲ့တရား။ ကိုယ်သာ နာ၍ စိတ် မနာစေနဲ့။ ကိုယ်သာ နာတယ် ဆိုတာ ကိုယ်မှာ ခံစားတာ မောနေတာ၊ ပန်းနေတာတွေ ဟာ။ တဖြုတ်ဖြုတ်၊ တသုတ်သုတ် ဖြစ်ပျက် နေတာ။ ကဲ အဲဒီလို သိတော့ ဒေါသစိတ် ဖြစ်သေးရဲ့လား။ လောဘကား လိုချင်တဲ့ တဏှာ လာသေးရဲ့လား။ သိတာ အမောဟ။ အဲဒီ စိတ်ကလေးနဲ့ ဝိညာဏ် ချုပ်သွားတော့ အိပ်ပျော် ယောက်ျား နိုးသော်လားကဲ့သို့ မဂ္ဂင်ငါးပါးနဲ့ ဝိညာဏ်ချုပ်ရင် နတ်ပြည် ခြောက်ထပ်မှာ နတ်သမီး ရင်ခွင်ထဲမှာ မဟာသောတာပန်။ မိုးကုတ်ဆရာတော်ဘုရား ပော တာ။ လူပြည်က ရှစ်ပါးနဲ့ချုပ်ရင် လူပြည်မှာ မဟာသောတာပန်ဗျား။ ဆက်ပြီးတော့ ကြိုးစား သကဒါဂါမ်၊ အနာဂါမ်၊ ရဟန်းကိစ္စ မပြီးနိုင်ဘူးလား။ အဲဒါကို။ ဒါ သိအောင်လို့ တရားနာရတာ။ သိမှ ပယ်နိုင်တာ။ အဲလို လေ့လာဖို့ မကောင်းဘူးလား။

<u>ဝိသာခါ</u>

အဲလို သိတော့ သောတာပန် ဖြစ်ပြီးတော့မှ ဝိသာခါ ကျောင်းအမတို့ အိမ်ထောင်ပြုတယ်။ အနာထပိဏ် သူဌေးတို့ သောတာပန် ဖြစ်ပြီးတော့ အိမ်ထောင်ပြုတယ်။ ဗိမ္ဗိသာရ မင်းကြီးတို့

တိုင်းပြည် အုပ်ချုပ် မင်းလုပ်ပြီးတော့မှ အိမ်ထောင်နဲ့ဗျား။ သိကြားမင်းကလည်း မိဖုရား တွေနဲ့ဗျား။ သောတာပန်။ လင်နဲ့ပျော်၊ မယားနဲ့ပျော်။ သားနဲ့ပျော်။ သမီးနဲ့ပျော်၊ မြေးတွေနဲ့ ပျော်။ ဟော အပါယ် ကျသေးရဲ့လား။ ကျဘူးကွဲ့။ တရားနဲ့ ပျော်နေတာ။ စဉ်းစားဖို့ မကောင်း လား။ ကဲ ပျော်နေတာ။ ပျော်နေတယ် ဆိုတာ ခံစားနေတာ ဝိသာခါလား၊ ဝေဒနာ။ ဝိသာခါ မပါ ပါကားပေါ့။နင်တို့က ဝိသာခါ အိမ်ထောင်ပြုတယ်လို့ ပြောနေတာ။ ဝိသာခါ မဟုတ်ဘူးကြည့်။ ဝေဒနာ။ ခံစားနေတာ ဝိသာခါလား။ ဝေဒနာ။ ခံစားလို့ သာယာတာ ဝိသာခါလား။ တဏှာလား။ တဏှာတဲ့ ကွဲ့။ ကဲ ဝိသာခါလား။ တဏှာလား။ သာယာတာ ဝိသာခါလား။ တဏှာလား။ ခံစားတာ ဝိသာခါလား။ ဝေဒနာပါဘုရား။ ခံစားပြီးတော့ မပျက်လား။ သာယာပြီးတော့ မပျက်လား။ တဏှာ တွေ့သလား။ မရှိတာ တွေ့တာ။ ဝေဒနာ တွေ့တာလား။ မရှိတာ တွေ့ တာလား။ မရှိတာ အနိစ္စ။ သိတာ မဂ္ဂ။ ကဲ နောက် ဝေဒနာ လာဦးမလား။ တဏှာ လာဦးမလား။ တဏှာ မလာ ဥပါဒါန် မချုပ်ဘူးလား။ နောက် ကာယကံ ဝစီကံ မနောကံ လာသေးရဲ့လား။ မလာရင် နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓ။ အဲသလိုဗျား တရားသိတာ။ ကဲ စွဲသေးရဲ့လားဟဲ့။ ဟော လင်တွေ၊ သားတွေ၊ မယား တွေ၊ သမီးတွေနဲ့ ပျော်တယ်။ မစွဲဘူး။ စားတယ်။ ကောင်းတယ်၊ ကောင်းတယ်။ ခံစားတာ။ ကဲ မြိုလိုက်ခါ ရှိသေးရဲ့လား။ ကဲ ဝေဒနာ တွေ့သလား။ မရှိတာ တွေ့သလား။ အနိစ္စလို့ မဟောဘူးလား။ တဏှာ ဘယ်က လာမလဲ။ လာသေးရဲ့လား။ သူကော မခံစားဘူးလား။ ကဲ စွဲရဲ့လား။ ပုထုဇဉ်က ခံစားတယ်။ ကောင်းတယ် စွဲတယ်။လုပ်စမ်းဦးဟဲ့။ မနေ့က စားတာ။ အတော် ကောင်းတယ်ကွာ။ အဲဒါလေးက လုပ်စမ်းလာပြီ ကြားလား။ စဉ်းစားဖို့ မကောင်းလား။

ဧည့်သည်နှင့် ဧည့်ကျယ်

ကဲ ထမင်းပွဲ ထိုင်ကြဦးစို့။ ထိုင်ပြီ။ ထိုင်တဲ့အခါ ဆရာကြီးတွေ အဲဒီ လူဆရာကြီး။ ဘုန်းကြီး တွေ့တာ၊ တွေ့တာ။ အိမ်ရှင်က ထမင်းကျွေးတာ။ အဲဒီဆရာကြီး၊တရားပြဆရာကြီးက အဲဒီအိမ်ကို ဝင်လာခဲ့တော့။ ရောက်မဆိုက် ထမင်းကို ပြင်ကျွေးတာ။ ပဲဟင်းရယ်၊ သရက်သီး ကုလားတည် ရယ်၊ ခရမ်းသီးနဲ့ အာလူးချက်ရယ်။ ဒီပြင်ဟာတော့ ပါပုံကျတယ်။ ပဲဟင်းက ဆားက တစ်စက်မှ မပါဘူး။ ဆီချက်နဲ့သပ်ထားတာ ကောင်းကောင်းမွန်မွန်။ တရားဟော ဆရာ ကြီးက စားတာ။ ဘာမှ မပြောဘူး။ အိမ်ရှင်တွေ စားတော့ ဆားမပါမှန်း သိတော့တာ။ အဘိုး ရယ် အဘရယ် ဆားမေ့လို့ မခပ်မိတာ။ ဘယ်နှယ့် နင်ဟာ ဆားမပါ-ပါကားလို့ ဘာကြောင့် မပြောရတာလဲ။ ဆားမတောင်း ရတာလဲ။ အိမ်ရှင်က မေးတာ။ ငါက ဧည့်သည်။ ဧည့်သည်။ ဧည့်သည်ဆိုတာ အိမ်ရှင်ကျွေးတာကို စားရတာ တဲ့။ မင်းဟာ ဆားမပါဘူးဆို ဧည့်ကျယ်တဲ့။ ကြားလား။ ဧည့်ကျယ်တဲ့ကွဲ့။

16.5.2005,(2:00pm)14

ဧည့်သည်နဲ့ ဧည့်ကျယ်လုပ်ကြဦး။ နင်တို့ ဧည့်လုပ်တတ်မှာ မဟုတ်ဘူး ကြားလား။ ဧည့် မလုပ်တတ်သေးဘူး။ သုတရှိမှ ဧည့်လုပ်တတ်တာ။ စဉ်းစားဖို့ မကောင်းလား။ ဟဲ့ နင်ဟင်း ဆား မပါဘူးကွဲ့။ ယူခဲ့စမ်းဦး ဆို။ အဲဒါ လင်တစ်ယောက် ရပြီ။ဟော အဘွားကြီးက ဆား တောင်း တော့တာ။ နင်ဟာ ဟဲ့ သာငွေ ဆား ပေါ့တယ်။ ဆား ယူခဲ့စမ်းအုံးကွဲ့။ ဟော လင်တစ်ယောက် ရပြန်ပြီ။ လိုချင်တာ တဏှာ မဟုတ်လား။ ဒါ လင်တစ်ယောက် ရတာ။ကဲ စဉ်းစား။ သူ့သူငါငါ သိတာက ကိုယ်လုံးကြီးကိုး လို့ထင်တာကိုး။ လိုချင်တာ ကိုယ်လုံးကြီး ဟုတ်ကဲ့လား၊ တဏှာ မဟုတ်ဘူးလား။ တဏှာ အကောင်အထည် ဟုတ်ကဲ့လား။ အကောင်အထည် မဟုတ်ဘူး။ သူက နာမ်တရားဗျား။ စဉ်းစားဖို့ မကောင်းလား။ ဟော ဆားလိုတာ။ ဒါ လင်တစ်ယောက် ရတော့တာ။ ကဲ ပေါ့တာလို့ သိဖို့ မလိုဘူးလား။ မြို ကြည့်လိုက်။ မြိုကြည့်ကာ အထဲကျတော့ ဆိုးကောင်း နှစ်ပါး ခွဲလို့ ရရဲ့လား။ မရဘူး။

သည်လျှာဖျားမှာ သညာက လိမ်ထားတာ။ ဆားပေါ့တယ်လို့ သညာက မှတ်ထားတာ။ သညာ သာ မမှတ်ရင် တောင်းပွဲမလား။ ဟော ကလေး အခါလည်ကျော်လေး ကျွေး။ ဆားပေါ့တယ် လည်း စားမှာပဲ။ ငန်လည်းစားမှာပဲ။ သို့ပေမဲ့ မျက်နှာတော့ ပြောင်းလာမယ်။ ငန်တော့ကား။ မပြောင်းလာဘူးလား။ အေး ကဲ ဆိုးကောင်းနှစ်ပါး ပါရဲ့လား။ ပြောင်းနေတာ ဖောက်ပြန်တာ။ ဖောက်ပြန်တဲ့ သဘောနော်။ သိတဲ့သဘောလို့ မဟောဘူးလား။ ဖောက်ပြန်တဲ့သဘောနဲ့ သိတဲ့ သဘောက လွဲလို့ တခြား ရှိသေးရဲ့လား။ ဒါ-ရုပ္ပတီတိ ရုပံ။ ဖောက်ပြန်ပြီးတော့ မပျက်လား။ ပျက်ရင် ဖောက်ပြန်တဲ့ တရား တွေ့သလား။ မရှိတာ တွေ့သလား။ မရှိတာ အနိစ္စ၊ သိတာ မဂ်။ နောက် တဏှာ လာသေးရဲ့လား။ တဏှာသေ ဉပါဒါန် မပြုတ်လား။ ဉပါဒါန် ပြုတ်ရင် ကာယကံ၊ ဝစီကံ၊ မနောကံ လာပါမလား။ မလာရင် နောက်ခန္ဓာ ဘယ်က ပေါ်မလဲ။ နောက် ခန္ဓာမလာတာ နိရောဓ။ ကိလေသာ ချုပ်တာ နိဗ္ဗာန်။ ခန္ဓာချုပ်တာ နိဗ္ဗာန်။ ကိလေသာချုပ်ဖို့ အဓိကဗျား။

ဧည့်သည် လုပ်တတ်ကြအောင်လို့ ဟောရတာ။ဧည့်သည်။ ဧည့်သည်ဆိုတာ အိမ်ရှင်ကျွေးတာ စားရတာ။ ဘာမှ မပြောရဘူး ကြားရဲ့လား။ နင်ဟာ ဆားငန်တယ်ဟေ့ ဆို မဟုတ်သေးဘူး။ ဆား ပေါ့တယ်ဆို မဟုတ်သေးဘူးကြားလား။ အဲလို စိစစ်ဖို့ မကောင်းဘူး လား။ မသိခင် အလေ့အကျင့် မရှိခင်တော့ ဒါ ပြောရတာပေါ့။ အလေ့အကျင့်ရခါ ရပြီ။ ဟုတ်တယ်။ ကဲ သိတော့ ပယ်တော့တာ မပြောတော့ဘူး။ ခု ဒါ ပြောသေးတာက ဒါ အသိမပိုင်သေးလို့။ ကြားလား။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ ဒါကြောင့် တရားသိဖို့ အရေးကြီးတယ်။ ဒါတော့ တရား သိအောင် ကိုယ်သိတဲ့ တရားလေးဟာ မှန်၊ မမှန် စစ်ဆေးဖို့ မကောင်းလား။ ဘုန်းကြီးကို မမေးနဲ့။ ကိုယ်ဟာနဲ့ကိုယ်မေး။

ဘုန်းကြီး သင်မယ်။ ဒါ တရားသိတာ မသိတာ။ကဲ သူကို မြင်ရတာ ရေစက်နီးတယ်။ မလာဘူးလား။ အဲဒီ ရေစက်နီးတာ အဆင်းအပေါ်မှာ ဖြစ်တာလား။ ပုဂ္ဂိုလ်သတ္တဝါ အပေါ်မှာ ဖြစ်တာ။ အဆင်းလို့ မြင်တဲ့အခါ ရေစက်နီးတာ တွေ့သေးရဲ့လား။ မတွေ့ဘူး။ သူကိုမြင်ရတာ မြင်ပြင်းကတ်တယ် မလာဘူးလား။ အဲဒါ အဆင်းအပေါ်မှာ ဖြစ်တာလား။ ပုဂ္ဂိုလ်သတ္တဝါ အပေါ်မှာ ဖြစ်တာ။ ပုဂ္ဂိုလ် သတ္တဝါမှာ ဖြစ်တာ။ သို့ ကိုယ်မြင်တဲ့ တရား မမှန်သေးလို့ပေါ့။ မမှန်လို့ မြင်ပြင်းကတ်တာ လာပြီ။ မမှန် သေးလို့ ရေစက်နီးတာ လာပြီ။ မှန်ရင် ရေစက်နီးတာ ပါရဲ့လား။ မြင်ပြင်းကတ်တာ ပါရဲ့လား။ ကိုယ် တွေ့တာ မှန်သွား ပြီ။ သူများ မေးစရာ လိုသေးရဲ့လား။ အဲသလို လိုတာဗျား။ စဉ်းစားဖို့ မကောင်းလား။ ကိုယ် နေမကောင်းတာ သူများ သွားမေးလို့ ဘယ်သိမလဲဟဲ့။ ကိုယ် နေမကောင်း တာ ကိုယ်သိတာပ။ စမ်းပေးစမ်းပါဦးဟေ့။ မလာဘူးလား။ ဘယ်နှယ့် ကိုယ် နေမကောင်းတာ သူများ မေးရမလို့ ပါ ဘယ်သိမလဲကွဲ့။ ကိုယ်ဟာနဲ့ ကိုယ်အသိဆုံး။ စဉ်းစားဖို့ မကောင်းလား။ အဲသလို လေ့လာဗျ။ လေ့လာ။ ထိထိမိမိ။သွေးပေါင်ချိန်။ မချိန်နဲ့ ဘုန်းကြီးက။ ကြားလား ကိုယ့် ကိုယ်ကို သိတယ်။ ဒီနေ့ အားလျော့တယ် ဟေ့။ ပေါင်ချိန်။ ဒါ သွေးပေါင်ချိန် ကျမယ်။ အားလျော့ တယ်ဟေ့ ဒီနေ့ နေရတာ။ မပြောကြဘူးလား။ အေး ပေါင်ချိန်ကျပြီ။ကဲ နေရတာပြေတယ်ဆို မှန်နေတော့တာ။ သိနိုင်တယ်ဗျား။ ဒီလို စိစစ်ဖို့ မကောင်းလား။ အခုတော့ ကိုယ်နေမကောင်းတာ သူများ မေးရ မယ်လို့။ ငါ အံ့ဩလို့ မကုန်။ စဉ်းစားမှပေါ့။ အဲလို လေ့လာဖို့လိုတာ။

ဒါကြောင့် မြင်တာကို သညာဖုံးတယ်။ သညာကို သင်္ကာရှင်းမှ သင်္ကာကင်းမယ်။ မြင်တာက အဆင်းဓာတ်ကို မြင်တာ။ သညာက မင်းသမီး၊ သညာက မင်းသား။ အဲဒါကြောင့် ပညတ်အာရုံ နှစ်သက်ကြုံ ဖြစ်မည် ကိလေသာ။ ပညတ်အာရုံ နှစ်သက်ကြုံ ဖြစ်မည် ကိလေသာ။ ဟော ကိလေသာ ပညတ်မှာ ဖြစ်တာ။ ပရမတ်မှာ ဖြစ်ခွင့် မရဘူး။ ခန္ဓာငါးပါးက ပရမတ်။ နာမ်ရုပ်က ပရမတ်။အဆင်းက ပရမတ်။ ကဲ ခန္ဓာငါးပါးကြည့်။ ရူပက္ခန္ဓာကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ ချစ်စရာ ဟုတ်ကဲ့လား။ မုန်းစရာ ဟုတ်ကဲ့လား။ ဝေဒနာက္ခန္ဓာ ကလည်း ခံစားပြီး တော့ မပျက်လား။ သညာက္ခန္ဓာကလည်း မှတ်ပြီး မပျက်လား။ သင်္ခါရက္ခန္ဓာ စေ့ဆော်ပြီးတော့ မပျက်လား။ ဝိညာဏ က္ခန္ဓာ သိပြီးတော့ မပျက်လား။ ဖြစ်ပျက်လို့ မဟောလား။ ဘာသစ္စာလဲ။ ဟော ဒုက္ခသစ္စာ နော်။

<u>ဒုက္ခသစ္စာ။ဒုက္ခဝေဒနာ ။</u>

ဒုက္ခသစ္စာလို့ သိတဲ့အချိန်မှာ လိုချင်တဲ့တဏှာလာဦးမလား။ ခံပြင်းတဲ့ဒေါသတွေလာဦးမလား။ အဲဒါကြောင့် ပရမတ်အာရုံ သိခိုက်ကြုံ ပျက်ပုံ ကိလေသာ။ ပရမတ်အာရုံ သိခိုက်ကြုံ ပျက်ပုံ ကိလေသာ။ ဟော ဒုက္ခသစ္စာဆိုတာ ပရမတ်တရား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တက ပရမတ်တရား။ အဲဒါ

ပရမတ်တွေဗျား။ ကဲ ခန္ဓာကြီးက အနိစ္စလို့ ပြလိုက်။ ဒုက္ခလို့ပြလိုက်။ အနတ္တလို့ ပြလိုက်။ ကောင်းတာ တခုမှမပါဘူး။ ပါရဲ့လား။ အဲဒါ တသုတ်သုတ် တဖြုတ်ဖြုတ်နဲ့ ဖြစ်ပျက် ပြီးတော့ နေတာ။ နဒီသောတော ဝိယ။ မြစ်ရေစီးသလို လို့ မဟောဘူးလား။ အဲဒါကို သိရမှာ။

အခုတော့ ဆယ်ခါတခါ ဒူးနာတဲ့အခါ ကြည့်။လုပ်စမ်းပါဦးကွာ။နာလိုက်တာဟေ့ နာလိုက်တာ။ ဟေ့ တေဇောဘမ်း ယူခဲ့။ တေဇောဘမ်း လိမ်းသွားပြီး နည်းနည်းနေဦး။ ကြာတော့ သက်သာလာပြီ။ မပြောဘူးလား။ ကောင်းသွားပြီလို့ မပြောဘူးလား။ အဲဒါ အမြဲတမ်း ဖြစ်သလား။ ဆယ်ခါ တစ်ခါ ဖြစ်သလား။ ဟာ မြတ်ဘုရား ဟောတာက အမြဲတမ်း ဖြစ်နေတာတဲ့။ ခန္ဓာက-မြစ်ရေစီးသလိုတဲ့။ မြစ်ရေများ ရပ်တယ်လို့ ရှိသေးရဲ့လား။ ဒီမှာ ခန္ဓာကလည်း ဖြစ်ပျက် ဖြစ်ပျက် ပြနေတာ။ဒါ ဆယ့်ခါ တစ်ခါ ဖြစ်တာ ကာယိက ဒုက္ခ။ ဒါ ကိုယ်မှာ ဖြစ်တာ။ ဟော ကိုယ်ကောင်ကြီးမှာ ဖြစ်တော့ စိတ်က ချမ်းသာသေးရဲ့လား။ စေတသိက ဒုက္ခ။ အဲသည်ဒုက္ခတွေကို သိလို့ သာ သစ္စာထိုက်မယ်ဆို ဆေးရုံမှာ လူနာတွေဟာ အရင်ဆုံး ပေါက်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကြားလား။ ဆေးရုံက လူတွေ အရင်ဆုံး ပေါက်မှာဟေ့။ အဲလို လေ့လာဖို့ မကောင်းလား။ ကဲ အဲဒါ ဝိပဿနာ မထိုက်ဘူးဗျား ကြားလား။ အဲသလို စိစစ်ဖို့ မကောင်းလား။ သိမှ ပယ်နိုင်တာ။

အဲသည် စိတ်ကလေးနဲ့ ခန္ဓာဘက် နှလုံးသွင်း။ အားရနေပြီ။ ကိုယ် သဘောကျနေပြီ။ မကြောက်ဘူး။ ခန္ဓာ အကျိုး အပြစ်ကို သိတာကိုး။ ဒါ သိတော့ကား အဲဒီ စိတ်ကလေးတွေ နဲ့ မဂ်ဆိုက် ဖိုလ်ဆိုက်နေတာ။ ဒီလို သိတော့ကား ပညတ်အာရုံတွေကို တွေ့ကို မတွေ့။ ပရမတ် အာရုံပဲ တွေ့နေတာ။ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်။ရှေ့က ဖြစ်ပျက် နောက်က မဂ်။ ရှေ့က ဖြစ်ပျက် နောက်က မဂ်။ ဖြစ်ပျက်နဲ့ မဂ်နဲ့ဆက်နေတာ။ ကိလေသာ ဘယ်လို ဝင်မလဲ။ ကိလေသာ ဝင်စရာ မရှိဘူးနော်။ ကိလေသဝဋ္ဋ ချုပ်ရင် ကမ္မဝဋ္ဋ ဘယ်က လာမလဲ။ ကမ္မဝဋ္ဋ မလာ နောက်ခန္ဓာ ဘယ်က လာမလဲ။ ဝဋ္ဋသုံးပါး ကျွတ်တာ ဘယ်လို ခေါ်မလဲ။ အဲဒီ စိတ်နဲ့ နှလုံးသွင်း ပြီးတော့ ခလောက်လို့ အဲဒါ အာရုံပြုဖို့လိုတာဗျား။

အဲဒီ စိတ်ကလေးနဲ့ သေတတ်ဖို့ လိုတာ။ မသေသေးလည်း နေတတ်တယ် ကြားလား။ သည် ခန္ဓာရ ဖြစ်မှာကိုး။ ခန္ဓာက ရပြီးရင် မနာချင်လို့ လွတ်ပွဲမလား။ မသေချင်လို့ကား လွတ်ပွဲမ လား။ အဲလို အကျိုး အပြစ်သိတော့ ဒေါသ ဖြစ်စရာကားလိုသေးရဲ့လား။ အဲတော့ သိတာ။ ခန္ဓာ အကျိုး အပြစ် သိတော့ သည်းခံတယ်ဗျား ကြားလား။ ခန္တီ ပရမံ တပေါ။ သည်းခံခြင်း မြတ်တယ် မဟောလား ။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ...။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက ...(သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ ...(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက် ရှိပါတယ် ဘုရား) တစ်ကွက် လျှင် ဘယ်နှစ်ပါး (ငါးပါးပါ ဘုရား) ငါး လေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု-သာဓု-သာဓု။

..........................................................................................

ဩဝါဒ။...။(ခန္ဓာဖွဲ့စာအုပ် ကြည့်ကြ။ ခန္ဓာဖွဲ့-သစ္စာဖွဲ့။ )